လူ့အသက်သည် ဘုရားပေးသော အမြင့်မြတ်ဆုံးသော လက်ဆောင်ဖြစ်ပါသည်

ခရစ်မတ်ပွဲနေ့ ဒီဇင်ဘာ ၂၅ ၂၀၂၃

ယောဟန် ၁း၁–၁၈

ငြိမ်းချမ်းရေးရဲ့အရှင်သခင် ခရစ်တော်ဘုရားဟာ နွားစားခွက်ထဲမှာဖွားမြင်ပြီး ကျွန်ုပ်တို့လူသားများကဲ့သို့ လူသားများနှင့်အတူ နေဘို့ဆင်းကြွလာခဲ့ပါတယ်။ များစွာသော ကျွန်ုပ်တို့လူသားများဟာ အမှုန်းတရားနဲ့ ပြည့်နေတတ်ကြပါတယ်။ ဒါပေမဲ့ ဘုရားရဲ့ပုံသဏ္ဍာန်တော်နဲ့ ဖန်ဆင်းခံရတဲ့လူတွေရဲ့စိတ်နှလုံးကိုနက်ရှိုင်းစွာ သိတော်မူတဲ့ ဒီအရှင်သခင်ဟာ သူတို့ရဲ့အတွင်းစိတ်ထဲမှာ ငြိမ်းချမ်းခြင်းကို လိုလားတောင့်တနေကြတယ်ဆိုတာကို သိမြင်တော်မူပါတယ်။

ဒီအချိန်အခါသမယဟာ လက်ဆောင်ပေးခြင်း၊ အတူတကွစားသောက်ခြင်းများအပြင်၊ ချစ်ခြင်း၊ အခွင့်လွှတ်ခြင်း။ အနာဂတ်အတွက် မျှော်လင့်ခြင်းကို ထားရှိရမဲ့အချိန်ကာလလဲဖြစ်တယ် ဆိုတာ ကျွန်ုပ်တို့ကိုသိစေပါတယ်။

ဖွားမြင်တော်မူသော ခရစ်တော်ဘုရာထံတော်သို့ ရန်ဘက်ဖြစ်ခြင်းများကိုငြိမ်းချမ်းခြင်းဆီသို့၊ ဝမ်းနည်းခြင်းကို ဝမ်းမြောက်ခြင်းဆီသို့၊ မုန်းတီးခြင်းကို ချစ်ခြင်းမေတ္တာဆီသို့၊ ဂလဲ့စားချေခြင်းကို အခွင့်လွှတ်ခြင်းအဖြစ်သို့ပြောင်းလဲပေးတော်မူပါရန် ကျွန်ုပ်တို့မေတ္တာပို့သပါတယ်။

ပုဒ်ရဟန်းမင်းကြီးဒုတိယမြောက်ဂျွန်ပေါလ်ဆန္ဒပြုဆုတောင်းခဲ့တာကို သတိရစေပါတယ်။ လူတွေရဲ့အသက်တိုင်းကို လေးစားရမယ်၊ ကာကွယ်ရမယ်၊ ချစ်မြတ်နိုးရမယ်၊ အစေခံရမှာဖြစ်ပါတယ်။ သန္ဓေတည်တဲ့အချိန်ကစ သဘာဝအတိုင်းသေဆုံးတဲ့အထိ လူရဲ့အသက်ဆိုတာ ဘုရားရဲ့အမြတ်ဆုံးသော လက်ဆောင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ အသိအမှတ်ပြု ခံယူကြပါတယ်။

ခရစ်မတ်ကာလမှာ ကာဆီးထားတဲ့ အမုန်းတရားတံတိုင်းတွေကို ချိုးဖဲ့ပြီး တွေ့ဆုံဆွေးနွေးပြောဆိုခြင်း၊ စိုးရိမ်ခြင်းမရှိဘဲ နားထောင်ခြင်း၊

အခွင့်ချမ်းသာတောင်းလျှောက်ခြင်း ပြုလုပ်ရတဲ့အချိန်အခါသမယဖြစ်ပါတယ်။
ပညာအလိမ္မာကျမ်း ၁၅း၁ မှာ–နူးညံ့သိမ်မွေ့သော အဖြေတခုသည် အမျက်ဒေါသကို
ဖယ်ရှားပစ်၏။ ကြမ်းတမ်းပြင်းထန်သောစကားတခွန်းမူကား အမျက်ဒေါသကို
လှုံ့ဆော်ပေး၏–ဆိုတဲ့ဉာဏ်ပညာကို ရန်သူများအချင်းချင်း
သိရှိနားလည်ဘို့အချိန်ဖြစ်ပါတယ်။

ဆွေးနွေးပြောဆိုခြင်းဆိုတာ တဖက်သားကို စမ်းသပ်ဘို့၊
ဘယ်သူကဘယ်လောက်တော်သလဲဆိုတာကို ကြည့်ဘို့မဟုတ်ဘဲ၊
တဦးကိုတဦးစိတ်ချယုံကြည်မှုအပေါ် အခြေခံပါတယ်။ ဆွေးနွေးပြောဆိုဘို့
ရည်ရွယ်တဲ့ နှစ်ဦးနှစ်ဖက်သောပုဂ္ဂိုလ်တွေဟာ တဦးကိုတဦးယုံကြည်ရမှာဖြစ်ပါတယ်။
ပုပ်ရဟန်းမင်းကြီး ၆ ပါးမြောက်ပေါလူး ပြောခဲ့ဘူးတာက–သူတို့ရဲ့နှလုံးသားတွေဟာ
ဟန်ဆောင်ခြင်း၊ ရန်ငြိုးထားခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ သစ္စာဖောက်ခြင်းနဲ့
ကင်းဝေးပါစေ ဆိုပြီး ဆုတောင်းခဲ့ပါတယ်။ ခရစ်မတ်ကာလမှာ
ဘုရားရဲ့အကြံအစည်တော် အမှန်အတိုင်းကို ကျွန်ုပ်တို့သိမြင်နားလည်နိုင်ပါတယ်။

ဘုရားရဲ့ဆင်းရဲတဲ့သားသမီးတွေနဲ့အတူတကွ ရိုးရှင်းသော ခရစ်မတ်ပွဲကျင်းပခြင်းမျိုး
ကို ကျွန်ုပ်တို့ပြုလုပ်ဘို့အတွက် အကြံပြုတာကိုလဲတွေ့ရပါတယ်။
သူ့အတိုင်းအတာနဲ့သူ တတ်နိုင်သောသူများ မိမိတို့ရဲ့စိတ်နှလုံးစိတ်ဝိညာဉ်ထဲမှာ
သနားကြင်နာခြင်း၊ စာနာထောက်ထားခြင်းစသည်တို့နဲ့အတူ ပွဲတော်ကို
မကျင်းပနိုင်တဲ့သူတွေရှိတဲ့ နယ်ပယ်ဆီသို့ သူတို့တွေဝင်ရောက်နေရာယူဘို့လဲ
ဒီခရစ်မတ်ရဲ့ နှိုးဆော်သံဖြစ်ပါတယ်။

ဆာလောင်သူကိုကျွေးမွေးခြင်း၊ ရေငတ်သူကိုရေတိုက်ခြင်း၊
ဖမ်းဆီးချုပ်နှောင်ခံထားရသူများကို သွားရောက်လည်ပတ်ခြင်း၊
အဝတ်အချည်းစီးနဲ့သူများကို ဝတ်စရာပေးခြင်း၊ အိမ်မဲ့ယာမဲ့များကို နေစရာပေးခြင်း၊
သေဆုံးသူကိုမြှုပ်နှံခြင်း စတဲ့ ခန္ဓာနဲ့ဆိုင်တဲ့ကောင်းမှုများကိုပြုခြင်းအားဖြင့်
ကျွန်ုပ်တို့နှင့်နီးစပ်သူများကို ခရစ်တော်ဘုရားချစ်သကဲ့သို့ ချစ်ရာရောက်ပါတယ်။
တမန်တော်ကြီးသံယာကုတ် မိန့်ဆိုခဲ့သကဲ့သို့–အကျင့်မပါသောယုံကြည်ခြင်းသည်
အသေဖြစ်၏–ဆိုတဲ့အချက်ကို သတိရစေပါတယ်။ ဒီလိုလုပ်ဆောင်ချက်တွေဟာ

မနက်ဖြန်မှဆိုတာမျိုးမဟုတ်ဘဲ ဒီကနေ့မှာဘဲဖြစ်သင့်ပါတယ်။
တကြိမ်တခါတည်းမဟုတ်ဘဲ ကျွန်ုပ်တို့ရဲ့တတ်နိုင်ခြင်းအပေါ် မူတည်ပြီး ထပ်ခါထပ်ခါ
ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။

ပုံစံအမျိုးမျိုးနဲ့မေတ္တာတရားလုပ်ငန်းတွေမှာ ကျွန်ုပ်တို့ပါဝင်လို့ရပါတယ်။
စိတ်ကောင်းနှလုံးကောင်းရှိသူများဟာ တခု သို့မဟုတ် နှစ်ခုသော
ဝိညာဉ်ရေးဆိုင်ရာကောင်းမှုများကို အနည်းဆုံး ပြုလုပ်ဘို့အတွက်
သင့်တော်တဲ့အချိန်ဖြစ်ပါတယ်။ အပြစ်သားတွေကို လမ်းကောင်းပြ
သွန်သင်ဆုံးမခြင်း၊ သူတပါးထိခိုက်မှုကို စိတ်ရှည်စွာခံထမ်းခြင်း၊
စိတ်ဇဝေဇဝါဖြစ်သူများကို ကောင်းသောအကြံပေးခြင်း၊ ထိခိုက်မှုများကို
စိတ်ပါကိုယ်ရောက်အခွင့်လွတ်ခြင်း၊ စိတ်နှလုံးကျေကွဲသူတို့ကိုနှစ်သိမ့်မှုပေးခြင်း၊
သာသနာအုပ်စုအတွင်း တတ်နိုင်တဲ့ဘက်က အခစေခံခြင်း အစရှိတဲ့ အမျိုးမျိုးသော
အသွင်ထဲ့ကျွန်ုပ်တို့ပါဝင်လုပ်ဆောင်လို့ရပါတယ်။

ပုပ်ရဟန်းမင်းကြီးနဲ့အတူ ဒုက္ခဆင်းရဲရောက်နေတဲ့သူများ၊
လူ့သိက္ခာနဲ့ပြည့်ဝတဲ့အသက်တာနဲ့နေထိုင်နိုင်ဘို့
အိမ်မက်များပျက်စီးသွားတဲ့လူများအတွက် ကျွန်ုပ်တို့ဆုတောင်းကြရမှာဖြစ်ပါတယ်။

တခုတည်းသောတန်ခိုးအာဏာဟာ သက်သေခံခြင်းတန်ခိုးအာဏာဖြစ်တယ်
ဆိုတဲ့သင်ခန်းစာကို ကျွန်ုပ်တို့ရရှိပါတယ်။ လူအားလုံးရှိသေ တန်ဘိုးထားတဲ့
တခုတည်းသော တန်ခိုးအာဏာဆိုတာ ကောင်းသောပုံသက်သေ
တံခိုးအာဏာဘဲဖြစ်ပါတယ်။

ဟေရှာယအနာဂတ္တိကျမ်း ၁၁း၆–၇ မှာရေးထားချက်က တောခွေးတို့သည်
သိုးသငယ်နှင့်အတူနေလိမ့်မည်။
ကျားသစ်သည်ဆိတ်သူငယ်နှင့်အတူအိပ်လိမ့်မည်။နွားသငယ်၊ ခြင်္သေ့သငယ်၊
ဆူအောင်ကျွေးသောအကောင်တို့သည် အတူသွားလာကြ၍၊လူသူငယ်သည်
သူတို့ကိုပို့ဆောင်လိမ့်မည်။နွားမနှင့်ဝံမသည်
အတူကျက်စား၍သူတို့သားငယ်များသည် အတူအိပ်ကြလိမ့်မည်။ –

ခရစ်မတ်ရာသီဟာ ငြိမ်းချမ်းခြင်းနဲ့ မျှော်လင့်ခြင်းအချိန်ဖြစ်ပါတယ်။ ခွန်အားများကို
ပြန်လည်ဆန်းသစ်တဲ့အချိန်ဖြစ်ပါတယ်။ ဘဝမှာ
စိန်ခေါ်မှုဘယ်လောက်များပြားနေပါစေ။
ထွန်းတောက်မဲ့အနာဂတ်ရောက်ရှိလို့လာမယ်ဆိုတာ–
ကျွန်ုပ်တို့မျှော်လင့်လျက်ရှိပါတယ်။ အမှောင်ထုပြီးရင် အလင်းဆိုတာရောက်ရှိမယ်။

ခံစားခဲ့ရသောကျေးဇူးတော်များအတွက် ဘုရားကိုကျေးဇူးတင်ရင်း
ကျွန်ုပ်တို့ရဲအရည်အချင်းနဲ့ ပိုင်ဆိုင်ရာများကို အသုံးပြုပြီး လိုအပ်သူများကို
ကူညီဘို့တွေးတောပြီး လုပ်ဆောင်ကြပါစို့။ ငြိမ်းချမ်းခြင်းနဲ့ ကြင်နာခြင်းနဲ့အတူ
အရာရာတိုင်းဟာ ဖြစ်တည်လာနိုင်တယ်ဆိုတာ ကျွန်ပ်တို့ကို ယုံကြည်ခြင်း
မျှော်လင့်ခြင်းနဲ့ အားသစ်လောင်းပေးတဲ့ အခါသမယဖြစ်ပါတယ်။

ခရစ်မတ်ရဲ့ရွှင်လန်းခြင်း၊ ဝမ်းမြောက်ခြင်းတို့ကို
ကျွန်ုပ်တို့နဲ့ဆက်နွယ်သောသူများအားလုံးဆီသို့ ဖြန့်ဝေနိုင်ကြပါစေ။ အာမင်။